
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO
CENTRAL STATISTICAL ORGANIZATION




# ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၇ ခုနှစ် အောက်တိုဘာလ

အကြောင်းအရာ။ **၂၀၁၇ခုနှစ် စက်တင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၇ခုနှစ် စက်တင်ဘာလ**အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၄၆.၁၉၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၁၇.၈၃ နှင့် **အုပ်စုအားလုံးအတွက် ၁၃၄.၄၃** ရှိပါသည်။ **၂၀၁၇ ခုနှစ် ဩဂုတ်လ၏** အခြေအနေမှာ ၁၃၃.၂၇ ရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၈၇% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း**(Core CPI) **မှာ ၁၁၅.၈၂** ဖြစ်ရာ **၂၀၁၇ ခုနှစ် ဩဂုတ်လ၏** Core CPI ဖြစ်သည့် **၁၁၅.၄၅** နှင့် နှိုင်းယှဉ်ပါက **၀.၃၂%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ၏** စားသုံးသူဈေးဆနှုန်းမှာ **၁၃၄.၄၃** ဖြစ်သဖြင့် **၂၀၁၆ ခုနှစ် စက်တင်ဘာလ၏** အခြေအနေ **၁၃၀.၀၀** နှင့် နှိုင်းယှဉ်ပါက **၃.၄၀%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၇ ခုနှစ် စက်တင်ဘာလ၏** Core CPI **မှာ ၁၁၅.၈၂ ဖြစ်ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ၏** Core CPI အခြေအနေ **၁၁၁.၄၀** နှင့် နှိုင်းယှဉ်ပါက **၃.၉၆%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၄၆.၁၉** ဖြစ်သဖြင့် ယခင်လကထက် **၁.၀၃%** မြင့်တက်လာပါသည်။ မီးဖိုချောင်သုံးကုန်ပစ္စည်း ဖြစ်သည့် အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းနေသော်လည်း၊ ကြက်သွန်နီဈေးနှုန်းမှာ သိသာစွာ မြင့်တက်နေပါသည်။ ထို့ပြင် အခြားစားသောက်ကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ ဝက်သား၊ အမဲသား၊ ငါးအများစု၊ ပုစွန်ကျော၊ ပုစွန်ထုပ်၊ ငါးခြောက်အမျိုးမျိုး၊ ပုစွန်ခြောက်၊ နွားနို့၊ နို့ဆီ (ပြည်တွင်း/ ပြည်ပ)၊ ကုလားပဲခြမ်း၊ ပဲကြီးနှင့် စားတော်ပဲ အပါအဝင် အခြားပဲများ၊ ခရမ်းချဉ်သီးနှင့် ဂေါ်ဖီထုပ်ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။


၄။ **၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၁၇.၈၃** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၅၈%** မြင့်တက်လျက်ရှိပါသည်။


ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင် ပါဝင်သော ဒီဇယ်နှင့် ဓာတ်ဆီဈေးနှုန်းတို့မှာ မြင့်တက်လျက်ရှိပါသည်။ ကျန်ကုန်ပစ္စည်းအုပ်စုများတွင် ပါဝင်သည့် ရွှေထည်ပစ္စည်း၊ ထင်း၊ မီးသွေး၊ ဖယောင်းတိုင်၊ မော်တော်ကားဈေးနှုန်းများ၊ သတင်းစာနှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်လကထက် ဆက်လက်မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။


၅။ **၂၀၁၇ ခုနှစ် စက်တင်ဘာလ**အထိ ပျမ်း**မျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၆၆%** ဖြစ်ပြီး ၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၂၄%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)
ညွှန်ကြားရေးမှူးချုပ်

## တစ်နိုင်ငံလုံး၏ စားသုံးသူစျေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၇ ခုနှစ် စက်တင်ဘာလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၇ခုနှစ် ဩဂုတ်လ နှင့် ၂၀၁၇ခုနှစ် စက်တင်ဘာလ** | |
| | **စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၆ခုနှစ် စက်တင်ဘာလ နှင့် ၂၀၁၇ခုနှစ် စက်တင်ဘာလ** | |
| | **စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၈ |
| | **အပိုင်း(ဂ)** | |
| | **ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၀ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၂ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၃ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၄ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

## ၂၀၁၇ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၇ခုနှစ် စက်တင်ဘာလစားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် စက်တင်ဘာလအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၃၄.၄၃ဖြစ်ရာ လွန်ခဲ့သော ဩဂုတ်လ အခြေအနေ ၁၃၃.၂၇ နှင့် နှိုင်းယှဉ်ပါက ၀.၈၇% မြင့်တက်လာပါသည်။ အဓိက အားဖြင့် အစားအစာအုပ်စု၊ ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် အထွေထွေအုပ်စု တို့တွင် ကုန်ပစ္စည်းအချို့ဈေးနှုန်းများ မြင့်တက်လာ၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၆၆% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ဩဂုတ်လအခြေအနေ ၄.၇၀% နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ အနည်းငယ်သာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆန္နန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက် ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆန္နန်းသည် လွန်ခဲ့သောလကထက် ၁.၀၃% မြင့်တက်လာ ပါသည်။ ယခုလတွင် ဆန်သစ်များမပေါ်သေးဘဲ ဆန်အဟောင်း လက်ကျန် နည်းချိန် ဖြစ်သောကြောင့် ဆန်ဈေးနှုန်းမှာ ၀.၈၆% မြင့်တက်လာပါသည်။ အလားတူ စားသုံးဆီများဖြစ်ကြသော မြေပဲဆီ ၀.၁၄%၊ နှမ်းဆီ ၀.၁၆% နှင့် စားအုန်းဆီ ၀.၅၂% မြင့်တက်လာပါသည်။ ထို့ပြင် ဘဲသား၊ အမဲသား၊ ဝက်သား နှင့် ငါးဈေးနှုန်းများမြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနှုန်းနှင့် အာလူးဈေးနှုန်း များကျဆင်းလာသော်လည်း ကြက်သွန်နီဈေးနှုန်းမှာ ၂၁.၄၉ % ဖြင့် သိသိသာသာ မြင့်တက်လာပြီး ကျန်ကုန်ခြောက်ပစ္စည်းဈေးနှုန်းများ သိသာစွာ ပြောင်းလဲခြင်း

မရှိပါ။ သို့သော် ပဲကြီး၊ စားတော်ပဲ၊ ကုလားပဲခြမ်းနှင့် ထောပတ်ပဲဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။

ဟင်းသီးဟင်းရွက်များတွင် ရာသီအလိုက် လှိုင်လှိုင်ပေါ်ထွက်ချိန် ဖြစ်သောကြောင့် ပဲတောင့်ရှည် ၁.၃၁% နှင့် ကွမ်းရွက် ၀.၃၄% ကျဆင်းလျက်ရှိသော်လည်း ဂေါ်ဖီထုပ် ၉.၆၄ % နှင့် ငှက်ပျောသီး ၀.၅၅% ဖြင့်ဈေးတက်လာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၂၉.၉၃ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၉.၉၄ ဖြစ်သောကြောင့် သိသာစွာ ပြောင်းလဲခဲ့ခြင်း မရှိပါ။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများ အနည်းငယ်သာ ပြောင်းလဲဖြစ်ပေါ်ခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၇.၅၄ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၄၀ ဖြစ်သောကြောင့် ၀.၁၂% မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျားဝတ်လုံချည်၊ ဘောင်းဘီရှည်၊ အမျိုးသမီးအင်္ကျီ၊ စက်ချုပ်ခ(မ)နှင့် ဖိနပ်ဈေးနှုန်းများ မြင့်တက်လာပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၃၇.၉၂ ရှိပြီး၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၇.၂၃ ဖြစ်သောကြောင့် ၀.၅၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်လခ၊ ကြသောင်းဝါး၊ တောသစ်၊ သစ်မာ၊ သွပ်၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၅.၈၂ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၅.၁၉ ဖြစ်သောကြောင့် ၀.၅၄%မြင့်တက်ခဲ့ပါသည်။

၎င်းအုပ်စုတွင် ပါဝင်သော ကုတင်၊ ဗီရို၊ သင်ဖြူးဖျာ၊ ခြင်ထောင်နှင့် အိမ်အသုံး အဆောင်ပစ္စည်းများဖြစ်သော မီးချောင်း၊ ရေခဲသေတ္တာ၊ ဆပ်ပြာမှုန့် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၃၅.၅၁ ရှိပြီး၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၄.၀၄ ဖြစ်သောကြောင့် ၁.၀၉% မြင့်တက်လျက်ရှိပါကြောင်းတွေ့ရှိရပါသည်။ ရာသီဥတုအပြောင်းအလဲကြောင့် ဖျားနာသူ များပြားလာပြီး ဆေးဈေးနှုန်းနှင့် ဆေးကုသခများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၉၉.၅၇ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၉၈.၃၆ ဖြစ်သောကြောင့် ၁.၂၃% မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီတစ်ဂါလံလျှင် ၃၁၉၉.၇၆ ကျပ်မှ ၃၃၃၈.၆၇ ကျပ်၊ ဓာတ်ဆီ တစ်ဂါလံလျှင် ၃၃၆၈.၁၀ ကျပ်မှ ၃၅၁၉.၈၈ ကျပ်သို့ ဈေးနှုန်းအသီးသီး မြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် အငှားယာဉ်ခ ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၀၂.၇၈ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၈၃ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာခဲ့ပါသည်။ ၎င်းအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်း ဈေးနှုန်းများ သိသာစွာကျဆင်းလာခြင်းမရှိပါ။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၀၆.၁၇ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၅.၉၇ ဖြစ်သောကြောင့် ၀.၁၉% မြင့်တက်ခဲ့ပါသည်။ ၎င်းအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ သတင်းစာနှင့် ဗလာစာအုပ်

ဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၂၂.၅၀ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၅၀ ဖြစ်သောကြောင့် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေကြောင်းတွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၃.၈၁ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၃.၇၄ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ကုန်ပစ္စည်း ဈေးနှုန်းများ အပြောင်းအလဲနည်းပါးခဲ့၍ ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၂၄.၄၃ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၉၈ ဖြစ်သောကြောင့် ၁.၁၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ဆံပင်ပြုပြင်ခ၊ သွားတိုက်ဆေး၊ မိတ်ကပ်၊ ရွှေထည်ပစ္စည်းနှင့် ထီးဈေးနှုန်းများ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၇.၈၃ ရှိပြီး၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၁၆ ဖြစ်သောကြောင့် ၀.၅၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စု ဈေးနှုန်းများမြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ခ)

## ၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလစားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနူန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၇ ခုနှစ် စက်တင်ဘာလအတွက် စားသုံးသူဈေးဆနူန်းမှာ ၁၃၄.၄၃ ဖြစ်ရာ လွန်ခဲ့သော ၂၀၁၆ ခုနှစ် စက်တင်ဘာလ အခြေအနေ ၁၃၀.၀၀ နှင့် နှိုင်းယှဉ်ပါက ၃.၄၀ % မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနူန်းမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၆၆%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ အခြေအနေ **၉.၁၆%** နှင့် နှိုင်းယှဉ်ပါက တိုးနူန်းမှာ သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

#### (က) အစားအစာအုပ်စု

ဤအုပ်စုဈေးဆနူန်းသည် ယခင်နှစ် အလားတူကာလကထက် ၂.၅၂% မြင့်တက်နေပါသည်။ ဆန်ဈေးနူန်းနှင့်မြေပဲဆီဈေးနူန်းတို့မှာ ယခင်နှစ် အလားတူကာလကထက် ၁.၃၇ %နှင့် ၃.၀၉% အသီးသီး ကျဆင်းလာပါသည်။ အလားတူ ကြက်သား ၇.၁၀%၊ ဘဲဥ ၃.၅၈% နှင့် ကြက်ဥ ၁၃.၇၀% ဈေးနူန်းများ အသီးသီး ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။ သို့သော် စားအုန်းဆီ ၅.၆၅%၊ ဝက်သား ၃.၃၃%နှင့် ငါးအချို့၏ ဈေးနူန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူဈေးနူန်းနှင့် အာလူးဈေးနူန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာသော်လည်း ကြက်သွန်နီ ၁၆၆.၈၉ %နှင့် ကုလားပဲခြမ်း ၁၁.၃၃% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၂၉.၉၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၅.၆၆ ဖြစ်သောကြောင့် ၃.၄၀% မြင့်တက်လာပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၇.၅၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၅.၉၄ ဖြစ်သောကြောင့် ၁.၃၈% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကျားဝတ်လုံချည် ဈေးနှုန်းမှာ ယခင်နှစ်ကထက် ၃.၄၃% မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၃၇.၉၂ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၃.၄၄ ဖြစ်သောကြောင့် ၃.၃၆% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၅.၈၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၂.၈၉ ဖြစ်သောကြောင့် ၂.၅၉%မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၃၅.၅၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၀.၀၅ ဖြစ်သောကြောင့် ၄.၂၀% မြင့်တက်လျက်

ရှိပါသည်။ ဆေးဈေးနှုန်းနှင့် ဆေးကုသခများမှာ ယခင်နှစ်က ထက်သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၉၉.၅၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၈၉.၁၆ ဖြစ်သောကြောင့် ၁၁.၆၈% မြင့်တက်လာပါသည်။ ယင်းအုပ်စု ဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလံလျှင် ၂၆၇၄.၀၇ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၃၃၈.၆၇ ကျပ်သို့ မြင့်တက်လာပါသည်၊ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၂၈၉၁.၂၅ ကျပ် ရှိရာမှ ၃၅၁၉.၈၈ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၀၂.၇၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၄.၃၆ ဖြစ်သောကြောင့် ၈.၉၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၀၆.၁၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၂၆ ဖြစ်သောကြောင့် ၀.၈၆% မြင့်တက်ခဲ့ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၂၂.၅၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၁၇ ဖြစ်သောကြောင့် ၀.၂၇% သာမြင့်တက်လာပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၃.၈၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆန္ဒန်းမှာ ၁၀၉.၁၆ ဖြစ်သောကြောင့် ၄.၂၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၂၄.၄၃ ရှိပြီး၊ ယခင်နှစ် ၏ ဈေးဆန္ဒန်းမှာ ၁၁၉.၂၈ ဖြစ်သောကြောင့် ၄.၃၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဂင်သော ရွှေထည်ပစ္စည်း ဈေးနှုန်းမှာ ယခင်နှစ်ကထက် ၈.၂၅ % မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၇ ခုနှစ် စက်တင်ဘာလ၌ ၁၁၇.၈၃ ရှိပြီး၊ ယခင်နှစ်၏ဈေးဆန္ဒန်းမှာ ၁၁၂.၂၅ ဖြစ်သောကြောင့် ၄.၉၈% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းများ ကျဆင်းနေပြီး၊ ယခင်လနှင့် နှိုင်းယှဉ်ပါက စပါးအသစ် မပေါ်သေးခြင်း၊ ဆန်ဟောင်း လက်ကျန်နည်းပါးလာခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးနှုန်းများမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက မြင့်တက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၄.၅၃ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၆၅၉.၆၆ ဖြစ်သဖြင့် ယခင်လကထက် ၅.၆၃% မြင့်တက်နေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းမှာလည်း ၀.၅၂% မြင့်တက်နေပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ကြက်သား၊ ကြက်ဥနှင့် ဘဲဥဈေးနှုန်းများ ကျဆင်းလာပါသည်။ ကြက်ငှက်တုတ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် စားသုံးသူနည်းပါးလာပြီး ကြက်သားနှင့် ကြက်ဥဈေးနှုန်းများ ကျဆင်းလာပါသည်။ ငါးခူ၊ ငါးရံ့၊ ငါးမြစ်ချင်း၊ ငါးအစိုဈေးနှုန်းများနှင့် ပုစွန်ခြောက်နှင့် ငါးခြောက် ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ မိုးရာသီဖြစ်ခြင်းကြောင့် ငါး၊ ပုစွန်ရရှိမှု နည်းပါးလာပြီး ငါးဈေးနှုန်းများ မြင့်တက်လာပါသည်။ ငါးခြောက် ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ငါးခြောက်ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်လကထက် ဆက်လက်မြင့်တက်လာပါသည်။ သို့ရာတွင် သီးနှံအသစ်ထွက်ပေါ်ချိန်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံဖြစ်သော အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက် ကျဆင်းနေသော်လည်း ကြက်သွန်နီ ဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ ကြက်သွန်နီအသစ် ပေါ်ချိန် ဖြစ်သော်လည်း ကြက်သွန်စိုက်ဒေသအချို့တွင် မိုးရွာသွန်းမှုကြောင့် ကြက်သွန်စိုက်ခင်းအချို့ ပျက်စီးမှုများရှိနေသည့်အတွက် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်နေရခြင်းဖြစ်ပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၈၇၄၇၂ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၃.၂၅% မြင့်တက်လာခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၈.၂၅% ဖြင့် သိသာထင်ရှားစွာ မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၁

ရှိရာမှ ၁၃၁၇ သို့ မြင့်တက်လာပြီး ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးနှုန်းမှာလည်း လိုက်ပါမြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၇ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၃.၅၃ မှ ၆၈.၁၈ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၄.၅၀မှ ၆၇.၆၀ သို့လည်းကောင်း အသီးသီးမြင့်တက်ခဲ့သောကြောင့် ဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ မြင့်မားလာခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း စသည့်အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။


## အပိုင်း(ဂ)

## ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၆၆% ရှိ၍ ဩဂုတ်လအထိ တစ်နှစ်ပျမ်းမျှ ၄.၇၀% နှင့် နှိုင်းယှဉ်ပါက အနည်းငယ်ဆက်လက်ကျဆင်းလာပါကြောင်းနှင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ တို့၏ နှစ်အလိုက် ပြောင်းလဲမှုကို

နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၃.၄၈% ဖြစ်သည့်အတွက် ယခင်လကထက် ၁% ပိုမိုမြင့်တက်လာကြောင်း တွေ့ရပါသည်။




(ခ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၉.၀၇% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ကချင်ပြည်နယ်တွင် ၈.၀၃% ဖြင့် ဒုတိယအမြင့်ဆုံး၊ ရှမ်းပြည်နယ်တွင် ၅.၈၉%ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၇.၃၂% ဖြင့် ပြောင်းလဲမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စု နယ်မြေတွင် ၁.၃၅% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ခုနှစ် စက်တင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာ လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္ဒုန်း** | **၁၀၀.၀၀** | **၁၃၀.၀၀** | **၁၃၃.၂၇** | **၁၃၄.၄၃** | **၀.၈၇** | **၃.၄၀** | **၄.၆၆** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၂.၅၉** | **၁၄၄.၆၉** | **၁၄၆.၁၉** | **၁.၀၃** | **၂.၅၂** | **၄.၈၇** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၅.၆၆ | ၁၂၉.၉၄ | ၁၂၉.၉၃ | ၀.၀၀ | ၃.၄၀ | ၁.၉၁ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၅.၉၄ | ၁၁၇.၄၀ | ၁၁၇.၅၄ | ၀.၁၂ | ၁.၃၈ | ၂.၄၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၃.၄၄ | ၁၃၇.၂၃ | ၁၃၇.၉၂ | ၀.၅၀ | ၃.၃၆ | ၅.၆၂ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၂.၈၉ | ၁၁၅.၁၉ | ၁၁၅.၈၂ | ၀.၅၄ | ၂.၅၉ | ၁.၅၈ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၀.၀၅ | ၁၃၄.၀၄ | ၁၃၅.၅၁ | ၁.၀၉ | ၄.၂၀ | ၄.၃၆ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၈၉.၁၆ | ၉၈.၃၆ | ၉၉.၅၇ | ၁.၂၃ | ၁၁.၆၈ | ၇.၅၇ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၄.၃၆ | ၁၀၂.၈၃ | ၁၀၂.၇၈ | -၀.၀၄ | ၈.၉၂ | ၀.၃၆ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၂၆ | ၁၀၅.၉၇ | ၁၀၆.၁၇ | ၀.၁၉ | ၀.၈၆ | ၁.၀၈ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၁၇ | ၁၂၂.၅၀ | ၁၂၂.၅၀ | ၀.၀၀ | ၀.၂၇ | ၂.၃၇ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၀၉.၁၆ | ၁၁၃.၇၄ | ၁၁၃.၈၁ | ၀.၀၇ | ၄.၂၇ | ၂.၈၀ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၁၉.၂၈ | ၁၂၂.၉၈ | ၁၂၄.၄၃ | ၁.၁၈ | ၄.၃၂ | ၅.၃၃ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၂.၂၅** | **၁၁၇.၁၆** | **၁၁၇.၈၃** | **၀.၅၈** | **၄.၉၈** | **၄.၃၅** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္ဒုန်း(Core CPI)** | **၃၄.၂၉** | **၁၁၁.၄၀** | **၁၁၅.၄၅** | **၁၁၅.၈၂** | **၀.၃၂** | ***၃.၉၆** | ***၃.၂၄** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၇ ခုနှစ် စက်တင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၄.၂၇ | ၁၃၅.၄၃ | ၁၃၇.၂၅ | ၁.၃၅ | ၂.၂၁ | ၈.၀၃ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၃၂.၇၅ | ၁၃၉.၉၇ | ၁၄၁.၉၇ | ၁.၄၃ | ၆.၉၅ | ၄.၇၃ |
| ၃ | ကရင်ပြည်နယ် | ၃.၀၂ | ၁၂၁.၀၆ | ၁၂၃.၅၃ | ၁၂၄.၃၆ | ၀.၆၇ | ၂.၇၂ | ၄.၆၅ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၅.၆၄ | ၁၇၆.၆၄ | ၁၇၈.၅၉ | ၁.၁၀ | ၁.၆၈ | ၁.၆၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၂၈.၅၃ | ၁၃၁.၂၀ | ၁၃၂.၆၀ | ၁.၀၆ | ၃.၁၆ | ၃.၇၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၄.၅၃ | ၁၁၉.၁၂ | ၁၁၉.၄၆ | ၀.၂၉ | ၄.၃၁ | ၄.၆၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၂၈.၀၆ | ၁၃၁.၉၇ | ၁၃၂.၉၇ | ၀.၇၆ | ၃.၈၃ | ၄.၅၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၁.၃၁ | ၁၃၃.၇၀ | ၁၃၄.၇၃ | ၀.၇၇ | ၂.၆၀ | ၃.၉၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၄.၄၀ | ၁၂၈.၁၆ | ၁၂၈.၈၀ | ၀.၅၁ | ၃.၅၄ | ၄.၄၅ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၄.၄၂ | ၁၂၆.၇၅ | ၁၂၇.၈၈ | ၀.၈၉ | ၂.၇၈ | ၅.၂၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၆.၄၂ | ၁၆၂.၁၉ | ၁၆၅.၁၉ | ၁.၈၅ | ၅.၆၁ | ၉.၀၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၆.၂၃ | ၁၂၈.၀၂ | ၁၂၈.၂၅ | ၀.၁၈ | ၁.၆၀ | ၃.၄၈ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၃၈.၁၃ | ၁၄၂.၁၈ | ၁၄၃.၄၀ | ၀.၈၆ | ၃.၈၁ | ၅.၈၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၀.၂၄ | ၁၃၃.၇၀ | ၁၃၅.၉၈ | ၁.၇၁ | ၄.၄၁ | ၃.၂၈ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၃.၇၅ | ၁၂၄.၁၀ | ၁၂၅.၄၃ | ၁.၀၇ | ၁.၃၅ | ၂.၇၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၂.၀၄ | ၁၃၄.၇၉ | ၁၃၅.၂၈ | ၀.၃၆ | ၂.၄၆ | ၄.၉၄ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၁၆.၄၇ | ၁၂၄.၁၂ | ၁၂၄.၉၉ | ၀.၇၀ | ၇.၃၂ | ၄.၆၅ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၁၈.၅၅ | ၁၂၂.၃၉ | ၁၂၃.၈၁ | ၁.၁၆ | ၄.၄၄ | ၂.၃၆ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၀.၀၀** | **၁၃၃.၂၇** | **၁၃၄.၃၅** | **၀.၈၁** | **၃.၃၅** | **၄.၆၆** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၇ ခုနှစ် စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် ဩဂုတ်လ (ကျပ်) | ၂၀၁၇ ခုနှစ် စက်တင်ဘာလ (ကျပ်) | ၂၀၁၆ ခုနှစ် စက်တင်ဘာလ (ကျပ်) | ယခင်လ နှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ် အလားတူလ နှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၃၁၇.၅၄ | ၁၃၂၈.၉၂ | ၁၃၄၇.၃၆ | ၀.၈၆ | -၁.၃၇ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၇၄.၄၄ | ၅၂၈၁.၆၇ | ၅၄၅၀.၁၉ | ၀.၁၄ | -၃.၀၉ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၆၀၆.၂၁ | ၅၆၁၄.၉၁ | ၅၅၇၅.၇၉ | ၀.၁၆ | ၀.၇၀ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၃၀.၄၃ | ၂၁၄၁.၆၀ | ၂၀၂၇.၁၂ | ၀.၅၂ | ၅.၆၅ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၆၄၃.၆၀ | ၆၃၉၂.၂၅ | ၆၈၈၀.၉၅ | -၃.၇၈ | -၇.၁၀ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၅၉၂.၄၇ | ၈၆၆၉.၈၆ | ၈၃၉၀.၆၃ | ၀.၉၀ | ၃.၃၃ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၅၇၅.၁၂ | ၁၀၅၇၉.၈၁ | ၁၀၅၄၇.၁၇ | ၀.၀၄ | ၀.၃၁ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၃၉.၃၅ | ၁၆၃၄.၁၃ | ၁၆၉၄.၈၃ | -၀.၃၂ | -၃.၅၈ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၅၃.၆၃ | ၁၁၅၁.၈၁ | ၁၃၃၄.၆၀ | -၀.၁၆ | -၁၃.၇၀ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၀၀၅.၅၉ | ၇၉၈၄.၆၄ | ၇၇၆၇.၉၆ | -၀.၂၆ | ၂.၇၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၀၂၀.၆၃ | ၇၉၇၂.၂၂ | ၇၉၁၁.၉၂ | -၀.၆၀ | ၀.၇၆ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၃၂.၅၈ | ၄၅၃၁.၇၂ | ၄၃၆၂.၇၈ | -၀.၀၂ | ၃.၈၇ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၇၆၆၃.၀၉ | ၂၇၇၆၆.၀၉ | ၂၆၇၈၀.၈၅ | ၀.၃၇ | ၃.၆၈ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၀၄၁.၅၈ | ၂၇၁၄၀.၅၉ | ၂၆၄၅၁.၄၇ | ၀.၃၇ | ၂.၆၁ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၅၉.၃၈ | ၃၁၆၅.၁၈ | ၃၁၇၈.၆၇ | ၀.၁၈ | -၀.၄၂ |
| ၁၆ | ခရမ်းချဉ်သီး | ။ | ။ | ၁၁၁၃.၁၄ | ၁၄၀၇.၂၀ | ၉၁၉.၁၂ | ၂၆.၄၂ | ၅၃.၁၀ |
| ၁၇ | ကုလားပဲခြမ်း |  | ။ | ၃၁၇၁.၉၁ | ၃၁၉၈.၃၀ | ၂၈၇၂.၈၀ | ၀.၈၃ | ၁၁.၃၃ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၇၅.၂၀ | ၁၀၇၀.၁၂ | ၁၀၇၇.၂၀ | -၀.၄၇ | -၀.၆၆ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၆၈၈.၉၇ | ၄၅၆၇.၃၀ | ၄၇၆၆.၀၀ | -၂.၅၉ | -၄.၁၇ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၈၅၀.၂၀ | ၂၂၄၇.၇၈ | ၈၄၂.၂၀ | ၂၁.၄၉ | ၁၆၆.၈၉ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၆၅၆.၇၉ | ၄၆၆၀.၃၆ | ၄၅၀၅.၈၈ | ၀.၀၈ | ၃.၄၃ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၅၂.၁၆ | ၅၀၅၂.၁၆ | ၅၀၀၀.၃၇ | ၀.၀၀ | ၁.၀၄ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၅၉၅၆၅.၃၃ | ၈၈၇၄၇၂.၀၅ | ၈၁၉၈၄၅.၄၁ | ၃.၂၅ | ၈.၂၅ |
| ၂၄ | ထင်း |  | ပိဿာ | ၂၉၃.၃၇ | ၂၉၄.၃၉ | ၂၈၆.၄၃ | ၀.၃၅ | ၂.၇၈ |
| ၂၅ | မီးသွေး |  | ။ | ၅၉၀.၃၂ | ၅၉၃.၉၆ | ၅၈၃.၁၉ | ၀.၄၅ | ၁.၈၅ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၂.၂၀ | ၄၀၃.၇၄ | ၃၉၀.၃၉ | ၀.၃၈ | ၃.၄၂ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၉၁၁.၄၀ | ၉၁၀.၈၂ | ၁၀၁၂.၀၆ | -၀.၀၆ | -၁၀.၀၀ |
| ၂၈ | ဒီဇယ်ဆီ |  | ဂါလံ | ၃၁၉၉.၇၆ | ၃၃၃၈.၆၇ | ၂၆၇၄.၀၇ | ၄.၃၄ | ၂၄.၈၅ |
| ၂၉ | ဓာတ်ဆီ |  | ဂါလံ | ၃၃၆၈.၁၀ | ၃၅၁၉.၈၈ | ၂၈၉၁.၂၅ | ၄.၅၁ | ၂၁.၇၄ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | | | ၂၀၁၇ ခုနှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| စားသုံးသူဈေးဆန္နှုန်း(CPI) | ၁၃၀.၀၀ | ၁၃၀.၄၈ | ၁၃၁.၆၀ | ၁၃၂.၃၉ | ၁၃၂.၄၁ | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ |
| စားသုံးသူဈေးဆန္နှုန်း(Core CPI) | ၁၁၁.၄၀ | ၁၁၁.၃၁ | ၁၁၁.၇၈ | ၁၁၂.၉၃ | ၁၁၂.၈၅ | ၁၁၂.၈၉ | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၆ ခုနှစ် | | | | ၂၀၁၇ ခုနှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၃.၈၈ | ၃.၅၁ | ၃.၄၇ | ၆.၅၅ | ၇.၇၆ | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၃.၄၇ | ၂.၈၄ | ၂.၉၆ | ၃.၄၇ | ၃.၀၉ | ၂.၇၆ | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ |